ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊နယုန်လပြည့်ကျော် ၃ရက်၊ စနေနေ့၊ (5-6-2004)(၄၂၅၅)

နိဗ္ဗာန သစ္ဆိကိရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော
မင်္ဂလာ မည်၏။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇွန် ၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၇ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန် ဆင်ဒီခရစ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး၊ ထိုင်းနိုင်ငံသံရုံး–သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **စာမျက်နှာ ၂ ကော်လံ ၁ သို့** ☆

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ပို့ဆောင်နှုတ်ဆက်

ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယကစင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅	၂။	**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅	၇။	အတီးပြိုင်ပွဲ
၈း၁၅	၈။	တံငါတံတား
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Grammar Made Easy.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်း
၁း၀၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **နက်ရှိုင်းမေတ္တာ(အပိုင်း-၄၇)**
၁း၃၅	၇။	စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေ မြန်မာ့ရွက်လှေ (အပိုင်း-၂)
၁း၄၅	၈။	**"ဖွားချို" (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာ-ခင်ဇော်(ကောသီပန်)]**
၂း၀၅	၉။	တေးဂီတအစီအစဉ်
၂း၂၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၃၅	၁၁။	စွန်ချောင်းရေလှောင်တမံ
၂း၄၅	၁၂။	International News.
၃း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English For Everyday Use.
၄း၄၀	၄။	တေးဂီတအစီအစဉ်
၄း၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၀	၆။	နားဝင်ပီယံ သူ့လက်သံ
၅း၂၀	၇။	**"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်) [ဒါရိုက်တာ-မိုးထက်လူ(သစ်တော)]**
၅း၃၅	၈။	ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆင္ဂမအကြိမ်မြောက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကပြိုင်ပွဲ
၅း၅၀	၉။	တေးဂီတအစီအစဉ်
၆း၀၀	၁၀။	သယံဇာတ ဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၆း၁၅	၁၁။	တိုးတက်ဝေစည် ကန္ဒရဝတီ ငွေတောင်ပြည်
၆း၃၀	၁၂။	ညနေခင်းသတင်း
၇း၀၀	၁၃။	မိုးလေဝသအခြေအနေ
၇း၀၅	၁၄။	Discovery.
၇း၁၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းပွင့် (အပိုင်း-၁၇)**
၇း၄၅	၁၆။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**မြန်မာဗီဒီယိုဇာတ်လမ်း "ဖူးစာလို့ပဲဆို"(အပိုင်း-၁) (ကျော်သူ၊ ဒွေး၊ စိုးမြတ်နန္ဒာ၊ မြတ်ကေသီအောင်) [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏

ကြေးမုံ (The Mirror)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စဉ်ဆက်မပြတ် အလေးထားကြိုးပမ်း ဆောင်ရွက်

၅-၆-၂၀၀၄ (စနေနေ့)

သဘာဝပတ်ဝန်းကျင်သည် သက်ရှိအားလုံးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ ကမ္ဘာ့လေထု၊ ရေထု၊ မြေထု၊ သဘာဝ သယံဇာတပစ္စည်းများ၊ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဖြင့် ဝန်းရံလျက်ရှိသော အရာအားလုံးသည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံး၏ ပတ်ဝန်းကျင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် အရည်အသွေး ယိုယွင်းပျက်စီးခြင်းသည် လူသားတို့၏ နေထိုင်မှုအဆင့်အတန်း ကျဆင်းလာခြင်းကို ဖြစ်ပေါ်စေလျက်ရှိသည်။ ကမ္ဘာ့လူသားအားလုံး ကောင်းမွန်ပြည့်စုံစွာ နေထိုင်နိုင်ရေး၊ သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ကို အစဉ်အလေးထား ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်သည်။

ယနေ့ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာ့မြေပြင်၏ အစိတ်အပိုင်းအချို့တွင် လယ်ယာမြေများ၏ အရည်အသွေးနိမ့်ကျမှုများ၊ သစ်တောပြုန်းတီးမှုများ၊ သဲကန္တာရဖြစ်ပေါ်လာမှုများ၊ မြေပြင်မှ ရေအားလျော့ပါး ခန်းခြောက်လာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ထို့အပြင် နိုင်ငံများစွာတို့၌ ပင်လယ်များ၊ မြစ်များမှ ရေထုညစ်ညမ်းမှုများ၊ ရာသီဥတုပြောင်းလဲမှုများ၊ သစ်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပြုန်းတီး ပျောက်ကွယ်မှုများကို ကြုံတွေ့နေကြရသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များမှ ထိန်းသိမ်းကာကွယ်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့်အစဉ်အလာသည် ကာလရှည်လျားစွာကပင် တည်ရှိခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ သဘာဝချစ်မြတ်နိုးမှုကို မြို့ပြနှင့်ကျေးလက်ဒေသတို့ရှိ စိမ်းလန်းစိုပြည်နေသည့် အလှအပများက အထောက်အထားအဖြစ် ဖော်ပြနေသည်။

မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်တွင် ဖွဲ့စည်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကွန်ဗင်းရှင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ မျိုးဆက်ပြတ်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းတို့ကို လက်မှတ်ရေးထိုးပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် အညီ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်က သဲကန္တာရဖြစ်လုနီးပါး အခြေအနေနှင့် ကြုံတွေ့ခဲ့ကြရသည့် မြန်မာနိုင်ငံအလယ်ပိုင်း ရာသီဥတုပူပြင်းသောဒေသသည် ယခုအခါ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည် လျက်ရှိနေပြီဖြစ်သည်။

ကမ္ဘာ့မြေနှင့် ပတ်ဝန်းကျင်အား အလေးထားစောင့်ရှောက်ခြင်းကို ပြသသည့်အနေဖြင့် နှစ်စဉ် ဇွန်လ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အခမ်းအနားများ ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်များ တိုးပွားစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်များကိုသိရှိပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှုအခမ်းအနားများကို ကျင်းပလျက်ရှိသည်။

သို့ဖြစ်ရာ လူသားများအကျိုးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်တစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ၌ အဘက်ဘက်က စဉ်ဆက်မပြတ် အလေးထား ပါဝင်ကြိုးပမ်းသွားကြရန်ကြေးမုံက တိုက်တွန်းပါသည်။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၆-၂၀၀၄

ခန္တီး	-	၈ ဒသမ ၇၄ လက်မ
စစ်တွေ	-	၄ ဒသမ ၆၁ လက်မ
မောင်းတော	-	၂ ဒသမ ၆၈ လက်မ
သံတွဲ	-	၂ ဒသမ ၁၇ လက်မ

လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းအောက်ရှိ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနနှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံတို့၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနနှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၄

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ဆေးဝါးထုတ်လုပ်မှုနည်းပညာ ဖွံ့ဖြိုးရေးဌာနနှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတို့၏ လုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ကြိုဆို

အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၁နာရီခွဲ တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန (Development Centre for Pharmaceutical Technology) သို့ ရောက်ရှိလာရာဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဝင်းက ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန၏ တည်နေရာနှင့်အကျယ်အဝန်း၊ တည်ထောင်ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များနှင့် ဆေးဝါးဖော်စပ်ရေး သုတေသနလုပ်ငန်း၊ ဖာမင်တေးရှင်း နည်းပညာသုတေသနလုပ်ငန်း၊ ဆေးဖက်ဝင်အပင်များ သုတေသနလုပ်ငန်း၊ နည်းစနစ်သုတေသနနှင့် အရည်အသွေး စစ်ဆေးရေးလုပ်ငန်းတို့ကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးမှာကြားပြီး ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန၏ ဆေးပြားဌာန၊ ဆေးဆီဆေးရည်ဌာန၊ ထိုးဆေးဌာနတို့က ထုတ်လုပ်သောဆေးဝါးများ၊ ထိန်းသိမ်းထားသော စက်မှုသုံးအဏုဇီဝရုပ်ပိုးမျိုးများကို ကြည့်ရှုစစ်ဆေးသည်။

စမ်းသပ်သုတေသနပြု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးပြားနှင့်ထိုးဆေး စမ်းသပ်သုတေသနပြုထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမြင့်နှင့် ပညာရှင်များ၊ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Pharmacognosy Lab နှင့် Fermentation ဌာနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဝင်းက စက်ရုံ၏ဆေးဝါးထုတ်လုပ်မှု၊ကုန်ကြမ်းရရှိမှု၊ ဖြန့်ဖြူးရောင်းချမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးပြားထုတ်လုပ်သည့်ဌာန၊ ဆေးတောင့်ထုတ်လုပ်သည့် ဌာနလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ထိုးဆေးဌာနသို့သွားရောက်ပြီး ထိုးဆေးဌာနက ထုတ်လုပ်သည့်ထိုးဆေးနမူနာများကိုလည်းကောင်း၊ ထိုးဆေးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးဌာန လုပ်ငန်းများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များကို မေးမြန်းဆွေးနွေးမှာကြားသည်။

ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်– Good Manufacturing Practice(GMP) နှင့်အညီ ခေတ်မီနည်း စနစ်ဖြင့်ဆေးဝါးဖော်စပ် ထုတ်လုပ်ရန် လိုအပ်သဖြင့် ဆေးဝါးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ဆေးဝါးထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနကို ၁၉၈၂ခုနှစ် မတ်၁ရက်မှစ၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

အောင်မြင်စွာဆောင်ရွက်

ဤဌာနအနေဖြင့် ဆေးဝါးဖော်စပ်ရေး သုတေသနလုပ်ငန်းဌာန၊ ဖာမင်တေးရှင်း နည်းပညာသုတေသနလုပ်ငန်းဌာန၊ ဆေးဖက်ဝင်အပင်များ သုတေသနလုပ်ငန်းဌာန၊ နည်းစနစ်သုတေသနနှင့် အရည်အသွေးစစ်ဆေးရေးဌာန စသည့်ဌာနလေးခုဖြင့်သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။

သုတေသနပြုခဲ့ပြီးသည့် ဆေးဝါးဖော်စပ်ထုတ်လုပ်နည်းများကို မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံသို့ လွှဲပြောင်းပေးခဲ့ပြီး မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံက ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးဝါးဆိုင်ရာစစ်ဆေး ခွင့်ပြုချက်များနှင့်အညီ အဆိုပါဆေးဝါးများကို အများအပြားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထုတ်လုပ်ခဲ့

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံက ဆေးပြား၊ ဆေးတောင့်၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်၊ ထိုးဆေး၊ ကာကွယ်ကုသဆေး အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ၁၉၉၇ခုနှစ်အထိ အနောက်တိုင်းဆေး ၁၇၃မျိုးနှင့် တိုင်းရင်းဆေး ၁၁မျိုး စုစုပေါင်း ၁၈၄မျိုး ထုတ်လုပ်ခဲ့သည်။

စက်ရုံမှ ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် ဆေးအမျိုးမျိုးကို တီထွင်စမ်းသပ် ထုတ်လုပ်ခဲ့ရာ ယခုအခါ အနောက်တိုင်းဆေး ၁၈၄မျိုးနှင့်တိုင်းရင်းဆေး ၁၆မျိုး စုစုပေါင်း ဆေးအမျိုး ၂၀၀ကို ထုတ်လုပ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ကလေးသူငယ်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mrs. Lalita Lerksamran ခေါင်းဆောင်သော အဖွဲ့ဝင်များက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌအား ထိုင်းနိုင်ငံအောက်လွှတ်တော်မှ အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ကလေးသူငယ်အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mrs. Lalita Lerksamran ခေါင်းဆောင်သော အဖွဲ့ဝင် ၂၂ဦးပါသည့် ထိုင်းကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဘက်စုံအဆောက်အအုံခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များတက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံကလေးသူငယ် အမျိုးသမီးများနှင့်သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် ဆောင်ရွက်မှုများကို အပြန်အလှန် ရှင်းလင်းပြောကြားကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ဥက္ကဋ္ဌနှင့်အဖွဲ့တို့ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ရီယာ့ဒ်မြို့တွင် ကန်လူမျိုးများကို တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်

ရီယာ့ဒ် ဇွန် ၃

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ရေးသမားများသည် အမေရိကန်လူမျိုးများကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ လွန်ခဲ့သောရက်အနည်းငယ်ကလည်း အယ်လ်ခိုင်ဒါအဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံခြားသား ၂၂ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြသေးကြောင်း အနောက်တိုင်း သံတမန်ရပ်ကွက်သတင်းများက ဆိုသည်။

ဇွန် ၁ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တွန်းလှန်တိုက်ခိုက်နေသည့် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ရီယာ့ဒ်မြို့၌ အမေရိကန်များကို ပစ်ခတ်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ အထိအခိုက် အခြေအနေနှင့်ပတ်သက်၍ အသေးစိတ် သတင်းအချက်အလက်များကို မသိရသေးကြောင်း သံတမန်တစ်ဦးက ပြောကြားသည်။

အပြန်အလှန်ပစ်ခတ်

အနောက်တိုင်းသားများ နေထိုင်သော တာရစ်အရပ်တွင် သေနတ်သမားနှစ်ဦးကို ဆော်ဒီအာရေဗျ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အသေရမိခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်မှ ရရှိသောသတင်းများအရ သိရသည်။ တာရစ်ဒေသသည် မက္ကာမြို့နှင့် မဝေးလှသောနေရာတွင် တည်ရှိသည်။

ထုတ်လွှင့်

သေဆုံးခဲ့ရသော သေနတ်သမားနှစ်ဦးမှာ အလိုရှိနေသော လက်နက်ကိုင်များ ဖြစ်ကြကြောင်း၊ သို့သော် ၎င်းတို့သည် ယခုရက်ပိုင်းအတွင်း ဖြစ်ပွားသည့် ခိုဘာမြို့ စားစာခံဖမ်းဆီး တိုက်ခိုက်မှုနှင့် အဆက်အစပ်ရှိသူများ မဟုတ်ကြောင်း အယ်အာရေဗျရုပ်/သံ ဌာနက ထုတ်လွှင့်သွားသည်။ ခိုဘာမြို့ တိုက်ခိုက်မှုမှာ ဆော်ဒီရေနံလုပ်ငန်းကို တစ်လအတွင်း ဒုတိယအကြိမ် တိုက်ခိုက်ခဲ့သော ဖြစ်ရပ်ပင်ဖြစ်သည်ဟု ဆိုသည်။

၂၂ဦး သေဆုံး

ခိုဘာတွင်ဖြစ်ပွားသော တိုက်ခိုက်မှုတွင် လူ၂၂ဦး သေဆုံးခဲ့ရသည်။ ထိုအထဲတွင် ၁၉ဦးမှာ အနောက်နိုင်ငံသားများ ဖြစ်ပြီး ကျန်လူများမှာ အခြားနိုင်ငံခြားသားများ ဖြစ်ကြသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အယ်လ်ခိုင်ဒါအုပ်စုကို နှိမ်နင်းနေသည်မှာ တစ်နှစ်ကျော် ရှိသွားပြီဖြစ်သည်။

လွတ်မြောက်

ဆော်ဒီလက်နက်ကိုင် တပ်ဖွဲ့များက ခိုဘာမြို့တွင် ဖမ်းဆီးထားသော ဓားစာခံများကို ဝင်ရောက်ကယ်တင်ရာ၌ တိုက်ခိုက်ရေးသမား သုံးဦး ထွက်ပြေး လွတ်မြောက်သွားသည်။ ဆော်ဒီတပ်ဖွဲ့များက လမ်းများပေါ်တွင် စစ်ဆေးရေးဂိတ်များ၊ ပိတ်ဆို့မှုများ ပြုလုပ်ထားပြီး ထွက်ပြေးသွားသူများ ပြန်လည် ဖမ်းဆီးနိုင်ရေးအတွက် အပြင်းအထန် ကြိုးစားလျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ကယ်ကွတ်မြို့ ကန်တပ်စခန်း လက်နက်သိုလှောင်ရုံ ဒုံးကျည်ထိမှန် ပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၃

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံမြို့ ကယ်ကွတ် အပြင်ဘက်ရှိ အမေရိကန်တပ်စခန်းမှာ ပေါက်ကွဲမှုများကြောင့် ဗုဒ္ဓဟူးနေ့က အကြီးအကျယ် တုန်လှုပ်သွားပြီး တစ်မြို့လုံးမှာလည်း မီးခိုးလုံးများ လွှမ်းသွားသည်။ ယင်းသို့ဖြစ်ရသည်မှာ လက်နက်သိုလှောင်ရုံကို ဒုံးကျည် ထိမှန်ပေါက်ကွဲခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ဖြတ်သန်း

ကယ်ကွတ်မြို့ လေဆိပ်ရှိ အမေရိကန် တပ်စခန်းရှိ ကောင်းကင်ပြင်တွင် ထိုညက စိန်ပြောင်းနှင့် ဒုံးကျည်များ ဖြတ်သန်းပြီးနောက် ဒေသတစ်ခုလုံး အလိပ်လိပ် တက်လာသည့် မီးခိုးလုံးကြီးများက ဖုံးလွှမ်းသွားသည်ဟု အခင်းဖြစ်ပွားရာ ဒေသမှ ရိုက်တာသတင်းထောက် တစ်ဦးက ပြောဆိုသည်။

တပ်စခန်းပေါ် ဒုံးကျည်များ ပျံဝဲနေသည်ကို တွေ့မြင်နိုင်ပြီး အနီးအနားရှိ အဆောက်အအုံများ၏ မှန်ပြူတင်းများအားလုံး ကွဲကုန်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ပေါက်ကွဲ

ကက်ယူရှာ ဒုံးကျည်တစ်ခုက လက်နက် သိုလှောင်ရုံကို ထိမှန်ပေါက်ကွဲမှုများ ဖြစ်ကုန်ကြောင်းဖြင့် ခရိုင်ရဲမှူးကြီး ဘိုဟန်တာဟက်က ရိုက်တာသို့ ပြောကြားသည်။

အမိန့်ထုတ်ပြန်

တပ်စခန်း အပြင်ဘက်မှ အရပ်သားများ ထိခိုက်သေဆုံးမှု မရှိကြောင်း၊ မြို့တွင်း၌ ညမထွက်ရ အမိန့်ထုတ်ပြန်ထားသည့်အတွက် လူနာတင်ယာဉ် သို့မဟုတ် မီးသတ်ကားများလည်း သွားလာသည်ကို မတွေ့ရဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ဇွန် ၃ ရက်က အီရတ်နိုင်ငံ ကယ်ကွတ်မြို့ရှိ အမေရိကန် တပ်စခန်းရှေ့တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မီးခိုးလုံးများ တက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်းအတွက် ဒီမိုကရေစီကို ကန် မပြဋ္ဌာန်းနိုင်ဟုပြောကြား

ကုလသမဂ္ဂ ဇွန် ၃

အစ္စလာမ်နှင့် ဒီမိုကရေစီတို့သည် စပ်ဟပ်၍ ရနိုင်သော်လည်း အမေရိကန်အနေဖြင့် အီရတ် သို့မဟုတ် အရှေ့အလယ်ပိုင်းမှ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်းအပေါ် ဒီမိုကရေစီကို မပြဋ္ဌာန်းနိုင်ကြောင်း ထင်ရှားသည့် အီရန်နိုင်ငံသူ ဥပဒေပညာကျွမ်းကျင်သူ တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဒီမိုကရေစီမှာ ပြင်ပမှနေ၍ သတ်မှတ်ပြဋ္ဌာန်း၍မရသည့် သမိုင်းကြောင်းအရ ဖြစ်စဉ်တစ်ရပ်ဖြစ်ကြောင်းနှင့် အီရတ်အစိုးရသစ်အနေဖြင့် ၎င်း၏ တရားဝင်ရပ်တည်ပိုင်ခွင့်ကို ရရှိရမည်ဖြစ်ကြောင်း အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ကို ခရီးလှည့်လည်နေသည့် အီရန်နိုင်ငံသူ ဥပဒေပညာကျွမ်းကျင်သူ ရှီရင်အီဘာဒီက ပြောကြားသည်။

သတ်မှတ်မပြဋ္ဌာန်းနိုင်

ဒီမိုကရေစီသည် နိုင်ငံတစ်နိုင်ငံကို ပေးသည့် လက်ဆောင်ပစ္စည်းတစ်မျိုး မဟုတ်ကြောင်း၊ လူများအပေါ် ဗုံးများကြဲနေချိန်တွင် ဒီမိုကရေစီကို သတ်မှတ်မပြဋ္ဌာန်းနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ထို့ကြောင့် အမေရိကန် သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံက ဒီမိုကရေစီ လုပ်ငန်းစဉ်ကို ကူညီဖြည့်ဆည်းရန် ဆုံးဖြတ်လျှင် လုပ်ရမည့် အချက်မှာ စစ်ရေးအရ တိုက်ခိုက်မှု မပြုရန်ပင် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ကမ္ဘာပေါ်တွင် အမေရိကန် အပါအဝင် မည်သည့်နိုင်ငံတွင်မှ ပြီးပြည့်စုံကောင်းမွန်သည် လူ့အခွင့်အရေး မှတ်တမ်းမရှိကြောင်း၊ အမေရိကန်သည်ပင်လျှင် ကလေးငယ်များအခွင့်အရေးကဲ့သို့သော အရေးပါသည့် နိုင်ငံတကာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဇွန် ၂ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံး ပေါက်ကွဲပြီးနောက် ဆွေမျိုးသားချင်းတစ်ဦး သေဆုံးသည့်အတွက် ဝမ်းနည်းကြေကွဲနေသည့် အီရတ်အမျိုးသားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၈၁၃ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၃

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံတွင် စစ်ရေးစစ်ဆင်မှုများ စတင်ပြုလုပ်ချိန်မှစတင်ကာ ဇွန် ၃ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၁၃ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၅၉၆ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

အီရတ်တွင် အဓိကစစ်ဆင်မှုများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေ ၁ရက်နောက်ပိုင်း အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၆၇၅ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၄၈၇ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရပြီး၊ ၁၈၈ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်သည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ (အင်တာနက်)

ကန်နှင့် ဗြိတိန်တင်ပြသည့် အီရတ်ဆိုင်ရာဆုံးဖြတ်ချက်မူကြမ်း လိုအပ်ချက် အများအပြားရှိနေကြောင်း ပြင်သစ်၊ ရုရှားနှင့် ဂျာမနီပြောကြား

ပါရီ ဇွန် ၄

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တင်ပြသည့် အီရတ်နိုင်ငံဆိုင်ရာကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းတွင် ဆောင်ရွက်ရန်လုပ်ငန်းစဉ်အများအပြားလိုအပ်နေသေးကြောင်းဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဗီတိုအာဏာသုံးစွဲနိုင်ခွင့်ရှိသည့် ပြင်သစ်နှင့် ရုရှားနိုင်ငံတို့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဝိုင်းအုံကြည့်

ဇွန် ၂ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဝိုင်းအုံကြည့်နေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ အင်္ဂါနေ့က တင်သွင်းသည့် ဒုတိယမြောက် မူကြမ်းတွင် ပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်နေပြီး ဇွန် ၃၀ ရက်တွင် အမေရိကန်က အီရတ်ပြည်သူလူထုထံသို့ အာဏာလွှဲအပ်ပေးပြီးနောက် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် စီးပွားရေးကို ထိန်းချုပ်နိုင်မည့် လုပ်ပိုင်ခွင့် အတန်အသင့်သာ ပေးထားကြောင်း ဂျာမနီကပြောကြားသည်။

လိုအပ်

ယင်းမူကြမ်းသည် ဆွေးနွေးညှိနှိုင်းရန်အတွက် ကောင်းမွန်သည့် အခြေခံဖြစ်သော်ငြားလည်း အီရတ်အစိုးရ အဖွဲ့၏ အပြည့်အဝအချုပ်အခြာအာဏာ ရရှိရေးကို အတည်ပြုစေမည့် နောက်ထပ် တိုးတက်မှုများလိုအပ်နေသေးကြောင်း၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာကဏ္ဍတွင်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က သတင်းထောက်များအား ပြောကြားသည်။

အရေးပါ

အီရတ် ကြားဖြတ်အစိုးရအဖွဲ့သစ်ကို အီရတ်နိုင်ငံအတွင်းရော၊ အပြင်ပါ တရားဝင်အဖြစ် ဖွဲ့စည်းမှုသာ အရေးပါကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ပရော့က ပြောကြားသည်။

တရားဝင်

အီရတ်အစိုးရအနေဖြင့် အုပ်ချုပ်ခွင့်ကို လက်ခံရရှိစေရန် လုံခြုံရေးကောင်စီက အသေအချာထောက်ခံပေးခဲ့ကြောင်း၊ တစ်နည်းဆိုပါက ၎င်းအစိုးရ အဖွဲ့သည် တရားဝင်ဖြစ်သွားကြောင်း၊ သို့ရာတွင် မူကြမ်းနှင့်ပတ်သက်၍ သဘောတူညီချက်ရရှိစေရေးအတွက် ပြောကြားရန် အချိန်စောလွန်းနေသေးကြောင်း လက်ပရော့က ပြောကြားသည်။

ဆွေးနွေး

အီရတ်နိုင်ငံရှိ အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့၏ အမိန့်အာဏာ အဆုံး သတ်မည့်နေ့အား အဆိုပါ မူကြမ်းတွင် ဖော်ပြခြင်း မရှိသေးကြောင်း အီရတ်ပြည်သူလူထုအား အာဏာလွှဲပြောင်းပေးပြီးနောက် ပြည်ပတပ်ဖွဲ့များ အီရတ်နိုင်ငံသို့ ရောက်ရှိနေမှု ပြဿနာသည် နိုင်ငံအများအပြား စိတ်ဝင်တစား အချေတင် ဆွေးနွေးနေသည့် ပြဿနာဖြစ်သည်။

လက်ကမ်းကြိုဆို

ဂျာမနီက ပြန်လည်ရေးဆွဲထားသည့် ဖော်ပြပါ ဆုံးဖြတ်ချက်မူကြမ်းကို လက်ကမ်းကြိုဆိုကြောင်း၊ သို့ရာတွင် နောက်ထပ်ဆွေးနွေးရန်အတွက် အစအဆင့်သာရှိသေးကြောင်း ပြတ်ပြတ်သားသား ပြောကြားလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဖိလစ်ပိုင်အကူအညီပေးရေး အဖွဲ့ဝင်သုံးဦး တိုက်ခိုက်ခံရ၍ ဒဏ်ရာရ

မနီလာ ဇွန် ၄

အီရတ်နိုင်ငံတွင် ရောက်ရှိနေသော ဖိလစ်ပိုင် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးရေးအဖွဲ့ဝင် သုံးဦးသည် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြကြောင်း ဗုဒ္ဓဟူးနေ့က ဖိလစ်ပိုင်အစိုးရက အတည်ပြုပြောကြားသည်။

ဖိလစ်ပိုင် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့ဝင် ၁၄ ဦး စီးနင်းလိုက်ပါလာသော ယာဉ်တန်းသည် အင်္ဂါနေ့က ဘောဘီလ်ဒေသရှိ တာလာယီကျေးရွာတွင် အကူအညီပေးရေး အစီအစဉ်တစ်ခု ဆောင်ရွက်ရန် သွားရောက်ကြစဉ် သေနတ်သမားများ၏ အတိုက်အခိုက်ခံကြရခြင်းဖြစ်ကြောင်း ရှိုင်းဆီမာတူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ၎င်းသည် အရှေ့အလယ်ပိုင်းဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ၏ အထူးသံတမန်ဖြစ်သည်။

ဒဏ်ရာရရှိသူများသည် ဘောဘီလ်ဒေသ၏ မြောက်ဘက်ရှိ ကာဘာလာမြို့မှ အမေရိကန် စစ်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြရသည်။ ယခုအခါ ၎င်းတို့ အားလုံးမှာ အန္တရာယ်ရှိသော အခြေအနေမှ ကျော်လွန်ခဲ့ကြပြီဖြစ်သည်ဟု ဆိုသည်။

အီရတ်ရောက် ဖိလစ်ပိုင်နိုင်ငံ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့တွင် တပ်ဖွဲ့ဝင် ၄၃ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ရှစ်ဦးအပါအဝင် စုစုပေါင်း ၅၁ ဦး ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဇွန် ၁ ရက်က အီရတ်နိုင်ငံ ကူဖာဒေသတွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ပွဲဝင်ရန် ပြင်ဆင်နေသည့် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မျှော်လင့်စောင့်စား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသွားသော ဆွေမျိုးသားချင်းများ၏ သတင်းကို ဆေးရုံ၌ မျှော်လင့်စောင့်စားနေသည့် အီရတ်အမျိုးသမီးတစ်ဦးကို ဇွန် ၂ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကျဉ်းသားများ နှိပ်စက်မှုမှတ်တမ်းကို ကန်စစ်ဘက်က ထိန်ချန်ထား စစ်မှုထမ်းဟောင်းအုပ်စုများက ကန်အစိုးရကို တရားစွဲဆို

နယူးယောက် ဇွန် ၃

အီရတ်နိုင်ငံ၊ ဂွာတာနာမိုစခန်းနှင့် အခြားနေရာများရှိ အကျဉ်းစခန်းမှ အကျဉ်းသားများအား အမေရိကန်စစ်ဘက်က နှိပ်စက်ညှဉ်းပန်းမှုနှင့် စပ်လျဉ်းသည့် မှတ်တမ်းများကို တရားမဝင် ထိမ်ချန်ထားကြောင်းပြောကြားကာ ပြည်သူ့အခွင့်အရေးနှင့် စစ်ပြန်စစ်မှုထမ်းဟောင်း အုပ်စုများက အမေရိကန်အစိုးရအား ဗုဒ္ဓဟူးနေ့က တရားစွဲလိုက်သည်။

တရားစွဲဆို

အမေရိကန် ကာကွယ်ရေးဌာန၊ အမိမြေလုံခြုံရေးဌာန တရားရေးဌာနနှင့် နိုင်ငံခြားရေးဌာနတို့သည် အဆိုပါ အုပ်စုများက လွန်ခဲ့သည့်နှစ်က တိုင်တန်းခဲ့သည့် လွတ်လပ်စွာ သတင်း ပြန်ကြားရေး ဥပဒေမေတ္တာရပ်ခံချက် (အက်ဖ်အိုအိုင်အေ)ကို လိုက်နာ ရန်ပျက်ကွက်ခဲ့ကြောင်း ဖော်ပြပါအုပ်စုများက စွပ်စွဲထားသည်။ ၎င်းတို့က မန်ဟက်တန်ပြည်နယ် တရားရုံးသို့ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အခြားတရားခံများက တိုင်တန်းခဲ့သည့်အမှုများတွင် ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဌာန (အက်ဖ်ဘီအိုင်)နှင့် ဗဟို ထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)တို့လည်း ပါဝင်သည်။

တရားလိုများက ညှဉ်းပန်းမှုနှိပ်စက်မှုဆိုင်ရာ မှတ်တမ်းများကို ရှာဖွေလျက်ရှိရာ အမေရိကန် ပြည်ထောင်စုကို ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှု ဖြစ်ပွားကတည်းက ယင်းဖြစ်ရပ်များ ပေါ်ပေါက်လာခဲ့ကြောင်း ပြောကြားကြသည်။

အက်ဖ်အိုအိုင်အေ မေတ္တာရပ်ခံချက်ကို အောက်တိုဘာလအတွင်းက ၎င်းတို့တိုင်တန်းခဲ့ပြီးနောက် အီရတ်နှင့် အာဖဂန်နစ္စတန်တို့တွင် ထိန်းသိမ်းထားသည့် အကျဉ်းသားများအား နှိပ်စက်ကလူပြုသော ဓာတ်ပုံများကိုနားလျှံလောက်အောင် ကြားသိခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

အတည်ပြုပြောကြား

အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုသည် ချို့ယွင်းချက်မဟုတ်ကြောင်း၊ စနစ်တကျကျူးလွန်ခြင်းဖြစ်ကြောင်း တိုးမြှင့်ပေါ်ပေါက်လာသည့် အထောက်အထားများအရ သိရှိရကြောင်း၊ အချို့သောကိစ္စများတွင် စော်ကားမှုမှ နှိပ်စက်မှုအထိ ကျူးလွန်ခဲ့ပြီး သေဆုံးသည်အထိ ဖြစ်ပေါ်ခဲ့ကြောင်း အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်များက အတည်ပြုပြောကြားမှုမရှိခဲ့ဟု ယင်းစွပ်စွဲချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

(၆၉)ကြိမ်မြောက် သူရိယာရာမ ဝါဆိုတရားစခန်းပွဲ

ရန်ကုန် ဇွန် ၄

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်အခြေခံ၍ ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားစခန်းပွဲကို ရန်ကုန်တိုင်း ကျောက်တန်းမြို့ သူရိယာရာမ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်က ပထမဝါဆိုလဆန်း ၁ ရက်မှ ၇ ရက်အထိ တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း–၀၅၆–၂၅၂၂၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြိုးခြံမြေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြင့်

ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပထမ

အောင်မိုးခံ

ဒီကနေ့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် လျက်ရှိပါတယ်။ အဲဒီ မူဝါဒလမ်းစဉ်(၇)ရပ်ကို အခုလို ဒီမိုကရေစီကြန်အင် လက္ခဏာများနဲ့ ချမှတ်ထားပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အခြေခံမူများ ကို အမျိုးသားညီလာခံကြီးက ချမှတ်သွားရေး၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲပြီး ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပပြီး လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနဲ့ လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နဲ့ အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့ကို ပီပြင်စွာ ဖော်ပြထားပါတယ်။ ဒီလမ်းဟာ တစ်မျိုးသားလုံးအတွက် အမျိုးသားသင့်မြတ် စည်းလုံးရေးနဲ့ ဒီမိုကရေစီလမ်းစဉ်၊ ဝေဒနာပြွမ်းတီးမှု အနည်းဆုံးနဲ့ အငြိမ်းချမ်း ဆုံးလမ်းလည်း ဖြစ်ပါတယ်။

ဒီမူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် တိုင်းသိ ပြည်သိ ကမ္ဘာသိ ကြေညာခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် တည်ဆဲတပ်မတော်အစိုးရဟာ ဒီမူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ အတွက် ဥပဒေတွင်း၊ ဥပဒေပ အမျိုးသားနိုင်ငံရေးအင်အားစုများကို စိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်၊ အချိန်စောင့် ကိုယ်ပိုင်အတွေ့အကြုံရစေတဲ့ နည်းတွေနဲ့ စေ့စပ်ကမ်းလှမ်း ဆွေးနွေးခဲ့ပါတယ်။ အမျိုးသားသင့်မြတ် စည်းလုံးရေးဆိုတာ ပြည်တွင်းအင်အားစုချင်းရဲ့ ညီညွတ်မှုတည်ဆောက်ရေးသာ ဖြစ်ပါတယ်။ ဒီအင်အားစုတွေဟာ ပြည်တွင်းမှာပဲရှိတဲ့အတွက် အကောင်းဆုံးနည်းလမ်း တွေ၊ သင်ခန်းစာတွေလည်း ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြင်ပပတ်ဝန်းကျင်ဟာ အခြေအနေပေးတာဖြစ်ပြီး ပြည်တွင်းအင်အားစုချင်းရဲ့ သင့်မြတ်ရေးကို ပြည်တွင်းအင်အားစုများကသာ အဆုံးအဖြတ်ဖြစ်ပါတယ်။ ဒီအပေါ် အပြု သဘော ပံ့ပိုးကူညီမှုမပြုတဲ့ ပြည်ပနိုင်ငံကြီးအချို့နဲ့ ဘေးပယောဂများရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် နိုင်ငံရေးပါတီအချို့ အမျိုးသားညီလာခံကို ကျောခိုင်း သွားတဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။

ကျင်းပဆဲအမျိုးသားညီလာခံကြီးအပေါ် ပြည်တွင်း၊ ပြည်ပ အင်အားစု အချို့က အဆိုးမြင်လျက်ရှိပါတယ်။ အထူးသဖြင့် ပြည်တွင်းအင်အားစုတွေထက် ပြည်ပနိုင်ငံကြီးအချို့က တစ်ပါးပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဆန့်ကျင် လျက် ရှိပါတယ်။

(Don't care everybody) ဆိုတဲ့ အင်္ဂလိပ်စကားတစ်ခုရှိပါတယ်။ လူတိုင်းလူတိုင်းကို ဂရုမစိုက်ပါနဲ့လို့ အဓိပ္ပာယ်ရပါတယ်။ စိုက်သင့်စိုက်ထိုက် သူကို စိုက်ပါလို့လည်း အဓိပ္ပာယ်ရပါတယ်။ အမှန်တကယ် လူတိုင်းလူတိုင်း ဆိုတာဟာ ကောင်းတာလည်း ရှိတယ်၊ ဆိုးတာလည်း ရှိတယ်၊ လိုတဲ့လူလည်း ရှိတယ်၊ မလိုတဲ့လူလည်း ရှိတယ်၊ မှားတဲ့လူလည်း ရှိတယ်။ မှန်တဲ့လူလည်း ရှိတယ်။ ဒါကြောင့် လူတိုင်းလူတိုင်းကို ဂရုစိုက်လို့မဖြစ်နိုင်တာ အမှန်ပင် ဖြစ်ပါတယ်။ လူ့အလို နတ်မလိုက်နိုင်ဆိုတဲ့ မြန်မာစကားပုံတစ်ခုလည်း ရှိပါတယ်။ လူတိုင်းလူတိုင်းကို ဂရုစိုက်မိတဲ့အတွက် မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက် ဥပမာတွေလည်း ရှိပါတယ်။ တစ်ချိန်က ကမ္ဘာကြီးဟာ နေကို လှည့်ပတ်နေတယ်ဆိုတဲ့ သဘာဝတရားကို သိပ္ပံနည်းကျ ဖော်ထုတ်တင်ပြ ခဲ့သော်လည်း အများစုကြီးက လက်မခံတဲ့အတွက် ဆုံးရှုံးထိခိုက်မှုများစွာနဲ့ ဒီအမှန်တရားကို လူ့အဖွဲ့အစည်းအတွက် ပေးအပ်သွားတဲ့ ပညာရှင်များလည်း ရှိပါတယ်။ နိုင်ငံရေးလမ်းစဉ်တစ်ရပ် ချမှတ်ရာတွင်လည်း အလားတူပင် ထောက်ခံတာရှိသလို ဆန့်ကျင်တာလည်းရှိမယ်။ လိုလားတာရှိသလို မလိုလား တာလည်း ရှိမယ်၊ ဘယ်သူတွေ ဘာပြောပြော မိမိတို့ချမှတ်တဲ့ လမ်းစဉ်ဟာ အများပြည်သူအကျိုးအတွက် မှန်၊ မမှန်ဆိုတဲ့ အပေါ်မှာသာ ရဲရင့်စွာရပ်တည် သွားရမှာဖြစ်ပါတယ်။

ဒီကနေ့ တရုတ်ပြည်ကြီးကို အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါ တွေဟာ သူတို့လိုသလို လိုက်ပါပြောင်းလဲဖို့ အမျိုးမျိုးဖိအားပေး တောင်းဆိုနေ ပေမယ့် တရုတ်ပြည်ကြီးဟာ ဒီအပေါ် လုံးဝမလိုက်နာဘဲ မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ လမ်းစဉ်ကို ချမှတ်ပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ တည်ငြိမ် အေးချမ်းစွာ အရှိန်အဟုန်မပျက် ပြောင်းလဲတိုးတက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအဖို့လည်း ဘယ်သူတွေ ဘာပြောပြော မိမိတို့ လူ့အဖွဲ့အစည်း အကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကိုသာ ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ငြိမ် အေးချမ်းစွာ ထူထောင်သွားနိုင်မှာဖြစ်ပါတယ်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင်လည်း လွတ်လပ်ရေး ရလာတဲ့ စစ်ပြီးခေတ် မြန်မာနိုင်ငံကို တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ထူထောင်သွားရမယ့်အစား တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြားပြီး လက်နက်ကိုင် ပဋိပက္ခ တိုက်ပွဲဆင်နွှဲခဲ့ကြတယ်။ ဒုတိယကမ္ဘာစစ် ဒယ်အိုးထဲက ပူလောင်လာတဲ့ ပြည်သူတွေဟာ ပြည်တွင်းလက်နက်ကိုင်က ပဋိပက္ခမီးကြီး စတင်လောင်ကျွမ်း နေချိန်တွင် ဖဆပလအစိုးရက လက်ဝဲညီညွတ်ရေး ဖိတ်ခေါ်ခဲ့သော်လည်း မအောင်မြင်ခဲ့ဘူး၊ ဒီနောက် တပ်မတော်အစိုးရဖြစ်တဲ့ တော်လှန်ရေးကောင်စီ အစိုးရခေတ်တွင်လည်း ဥပဒေတွင်း နိုင်ငံရေးပါတီများကို လက်တွဲလုပ်ဖို့ ကမ်းလှမ်းခဲ့မှုတွေ၊ ၁၉၆၃ ခုနှစ် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေ၊ ၁၉၆၈ ခုနှစ် ပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုတွေကို ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ၁၉၈၈ ခုနှစ် အရေးအခင်း ကာလအတွင်း ကလည်း ဒေါက်တာမောင်မောင် အစိုးရဟာ အရေးအခင်းလှုပ်ရှားသူတွေကို ခြောက်လအတွင်း ပါတီစုံရွေးကောက်ပွဲ ပြုလုပ်ပေးပါမယ်လို့ ကမ်းလှမ်းခဲ့တယ်၊ ဒါလည်း မအောင်မြင်ခဲ့ပါဘူး။

ဒါတွေဟာ အမျိုးသားပြန်လည်သင့်မြတ် စည်းလုံးရေးကြိုးပမ်းရာတွင် သတိပြုရမယ့် သမိုင်းသင်ခန်းစာများ ဖြစ်ပါတယ်။

နောက်ဆုံး နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ရယူလာခဲ့ရတဲ့ တည်ဆဲတပ်မတော်အစိုးရလက်ထက်မှာတော့ အစိုးရအဆက်ဆက်ကို နှစ်ရှည် ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသားလူမျိုးစု တောတွင်း လက်နက်ကိုင် အဖွဲ့ ၁၇ ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ပါတယ်။ ဒါဟာ ယခင်အစိုးရ အဆက်ဆက်တို့ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့တဲ့ အမျိုးသား ပြန်လည်သင့်မြတ် စည်းလုံးရေး သမိုင်းဝင်ကြိုးပမ်းအောင်မြင်မှု ဖြစ်ပါတယ်။ ဒီကနေ့ အမျိုးသားညီလာခံကြီးတွင် အဲဒီလူမျိုးစုတိုင်းရင်းသား လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အသီးသီးရဲ့ ကိုယ်စားလှယ်တော် အသီးသီးတို့ဟာ အခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသား ကိုယ်စားလှယ်တော်များနဲ့အတူ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံမူများကို ဆွေးနွေး ချမှတ်နေပြီဖြစ်ပါတယ်။ ဒါဟာ မြန်မာတစ်မျိုးသားလုံးအတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးသည် ပထမဆိုတဲ့ တာဝန်ကို အမျိုးသားညီလာခံကြီးက ထမ်းဆောင်နေတာပဲဖြစ်ပါတယ်။ ဒီကတစ်ဆင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ထူထောင် သွားဖို့ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဇွန် ၁ ရက်က လှိုင်သာယာ အခြေခံပညာ အလယ်တန်းကျောင်းဝင်း အတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (၃၂၉)

လှိုင်သာယာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁ ရက်တွင် အမှတ်(၂)ရပ်ကွက် တပင်ရွှေထီးလမ်း ဝဲ၊ယာ တစ်လျှောက်နှင့် ရေဥက္ကံကျေးရွာ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ပတ်ဝန်းကျင်တို့၌ ကျင်းပသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင် သိန်းမောင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ (သတင်းစဉ်)

အာဆီယံ–အိန္ဒိယ မော်တော်ကားပြိုင်ပွဲ ကျင်းပရေးအတွက် တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဇွန် ၄

အာဆီယံ–အိန္ဒိယ မော်တော်ကားပြိုင်ပွဲ ကျင်းပရေးအတွက် မြန်မာနိုင်ငံမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲကို ဇွန် ၃ ရက် ညနေ ၃ နာရီတွင် အမျိုးသား အားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက မိတ်ဆက်အမှာစကားပြောကြားပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Mr. C M Bhandari က နှုတ်ခွန်းဆက်စကားနှင့်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံ–အိန္ဒိယ မော်တော်ကားပြိုင်ပွဲ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းယှဉ်ပြိုင်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူတို့က ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၄

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ အခြေခံဗုဒ္ဓဘာသာ ဗဟုသုတများပါဝင်သော ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ စပိန်ဘာသာ၊ အင်္ဂလိပ်ဘာသာလေးမျိုးဖြင့် ညနေပိုင်း နိုင်ငံခြားဘာသာစကားပြော လေးလအချိန်ပိုင်း သင်တန်းများကို ဇွန်လအတွင်း သင်ကြားပို့ချမည်ဖြစ်သည်။

နိုင်ငံခြားဘာသာစကားပြော သင်တန်းဖွင့်မည်

အခြေခံပညာ အထက်တန်း (က) အဆင့်၊ (ခ)အဆင့်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဘွဲ့တစ်ခုခု ရရှိထားသော စိတ်ပါဝင်စားသူများ တက်ရောက်သင်ကြားနိုင်ပြီး အသေးစိတ်အချက်အလက်များကို မော်ကွန်းထိန်းရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၅၀၇၁၂သို့ ဖြစ်စေ ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅–၆–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	**ဆရာတော်ဦးဃောသိတ တရားတော် "အတိတ်ကံအစွမ်းကြောင့် ဖြစ်ပေါ်လာသောတရား"**
၉:၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၇။	မြန်မာသံစဉ်ချိုနှားဝင်
၄:၅၀	၈။	မျိုးချစ်တပ်မတော်
၅:၀၀	၉။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Population Statistics And Rates And Ratios (ပြည်သူ့ရေးရာ–ပထမနှစ်)
၅:၃၀	၁၀။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၁)**
	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း–၂၄)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ဝမ်တာပင်းတံတား

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တိုင်းရင်းသားပြည်သူများ သွားလာမှုလွယ်ကူစေရန် တည်ဆောက်ထားသည့် ဝမ်တာပင်းတံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ကျောက်ချောင်းကြီးတံတား

ဧရာဝတီတိုင်း ပုသိမ်–သာပေါင်းကားလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသော ကျောက်ချောင်းကြီးတံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ–သတင်းစဉ်)

ထင်းစိုက်ခင်း

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာရှိ ကျေးလက်ထင်းစိုက်ခင်းကို တွေ့ရစဉ်။

ဓာတ်ပုံ–မိုးကို(သစ်တော)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံတိုက်နယ်ဆေးရုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆို

ရန်ကုန်　　ဇွန်　　၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မြန်မာစံတော်ချိန် နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၉နာရီ ၁၅မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ် ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်သို့ ရောက်ရှိသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလာကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ် ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်သို့ ရောက်ရှိရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယု(ဒ်)က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့ Thai Koo Fah Building မြက်ခင်းပြင်၌ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Thanarat Thanaputhတို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမြောက် ၁၉ ချက် ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုဂုဏ်ပြုသည့်အပြင် လေယာဉ်လှေကားထိပ်မှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယု(ဒ်)၊ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chetta Thanajaro၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Suphot Dhirakaosal နှင့် အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာအမျိုးသမီးငယ် တစ်ဦးကလည်း ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ဂုဏ်ပြုကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်၏ ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့်ဇနီး၊ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများကလည်း ဂါရဝပြုကြိုဆိုကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေဆိပ်ဧည့်ခန်း၌ ခေတ္တရပ်နားကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chetta Thanajaroလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၏ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ရန် ထိုင်းနိုင်ငံအစိုးရ အိမ်တော်သို့ ရောက်ရှိကြသည်။

လှိုက်လှဲရင်းနှီးစွာကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က လှိုက်လှဲရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် Thai Koo Fah Building မြက်ခင်းပြင်၌ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

☆ ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့...
သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာ...
အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစို...
ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာ...
ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချ...
ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး...
တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်...
အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံ...
ဒီခရစ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများ...
ဌာနေညှိနှိုင်းရေးမှူး၊ ထိုင်းနိုင်ငံသံရုံး သံ...
များ၊ ဌာနဆိုင်ရာအကြီးအကဲများက ...
တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး...
အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆ...
ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁) စက်မှုဝန်...
နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝ...
ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့်ခ...
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်...
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗို...
ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့...
ဗိုလ်မှူးကြီးညဏ်ထွန်းအောင်နှင့် ဌာနဆိုင်...
လိုက်ပါလာကြသည်။

☆ ကျောဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ ထိုင်းနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chetta Thanajaroလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၏ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ရန် ထိုင်းနိုင်ငံအစိုးရအိမ်တော်သို့ ရောက်ရှိကြသည်။

လှိုက်လှဲရင်းနှီးစွာကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က လှိုက်လှဲရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် Thai Koo Fah Building မြက်ခင်းပြင်၌ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် နိုင်ငံခြားရေးဝန်ကြီး၊ အတွင်းဝန်ချုပ်၊ ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များနှင့် ထိုင်းတပ်ဖွဲ့မှ ရဲချုပ်တို့နှင့်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း မိမိနှင့်အတူလိုက်ပါလာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်အား ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ထိုင်းနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် အစိုးရအိမ်တော်ရှိ ဆင်စွယ်ရောင် ခန်းမ (Ivory Room) ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ဇွန် ၄ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းသည့် ဧည့်ခံပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းကျောဖုံး) (သတင်းစဉ်)

ဇွန် ၄ ရက်က ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းသည့် ဧည့်ခံပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းကျောဖုံး) (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ် ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်သို့ ရောက်ရှိရာ မြန်မာအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုင်းနိုင်ငံမှ ချစ်ကြည်ရေးခရီး ပြန်လည်ရောက်ရှိလာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း စင်ကာပူနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းတို့သည် ဇွန် ၄ ရက်မှ ၆ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် တတိယအကြိမ် IISS Asia Security Conference သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံသို့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဗိုလ်မှူးကြီးလှမင်း တို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင်ဒီခရုဇ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုက်လံပို့ဆောင်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့အကြား သီးသန့်အထူးအစည်းအဝေးကို ဗန်ကောက်မြို့ အစိုးရအိမ်တော်ရှိ ဆင်စွယ်ရောင် ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

✪ နိုင်ငံတော်မှ

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် အစိုးရအိမ်တော် အစိမ်းရောင်ခန်းမ (Green Room) ၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်း၊ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chetta Thanajaro၊ ဟိုတယ်နှင့်အားကစားဝန်ကြီး Mr. Sontaya Kunplome၊ လယ်ယာစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီး Somsak Thepsuthin၊ ပို့ဆောင်ရေးဝန်ကြီး Mr. Suriya Jungrungreangkit၊ စွမ်းအင်ဝန်ကြီး Mr. Prommin Lertsuridej၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Watana Muangsook၊ ပြည်ထဲရေးဝန်ကြီး Mr. Bhokin Bhalakula၊ အလုပ်သမားဝန်ကြီး Mrs. Uraiwan Thienthong၊ ပြည်သူ့ကျန်းမာရေးဝန်ကြီး Mrs. Sudarat Keyuraphan၊ စက်မှုဝန်ကြီး Mr. Pinij Jarucombat၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Suphot Dhirakaosal နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်ရေး

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကျိုးတူ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ကျင်းပခဲ့သည့် ပုဂံထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သော ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) အစီအစဉ်အရ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊စိုက်ပျိုးရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊စက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊လျှပ်စစ်စွမ်းအားကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အတူ အစိုးရအိမ်တော် Santi Maitri အဆောက်အအုံသို့ သွားရောက်ကြသည်။

ဧည့်သည်တော်မှတ်တမ်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအိမ်တော် အဝါရောင်ခန်းမ (Yellow Room)၌ ထိုင်းနိုင်ငံအစိုးရအိမ်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် အပြန်အလှန်ပေးအပ်မည့် လက်ဆောင်ပစ္စည်းများကို ကြည့်ရှုကြသည်။

ဂုဏ်ပြုနေ့လယ်စာတည်ခင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က ဒေသစံတော်ချိန်မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် အစိုးရအိမ်တော် Santi Maitriအဆောက်အအုံရှိ အပြာရောင်ခန်းမ (Blue Room)၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ် General Thamarak Isarangur နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်နှင့် အစိုးရအဖွဲ့ဝင်များ အစိုးရ အိမ်တော်အစိမ်းရောင်ခန်းမ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံဆွေးနွေးပွဲ ပြုလုပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ အစိုးရအိမ်တော် အဝါရောင်ခန်းမ၌ ထိုင်းနိုင်ငံ အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ဆုမွန်ကောင်းများတောင်း

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အတွက် လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ဂျ်)နှင့် မိဖုရားသီရိခေတ်တို့အတွက်လည်းကောင်း ဆုမွန်ကောင်းများ တောင်းကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့သည် မိန့်ခွန်းများအသီးသီး ပြောကြားကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာ တည်ခင်းစဉ် ထိုင်းရိုးရာယဉ်ကျေးမှုအကပဒေသာဖြင့် ဧည့်ခံဖျော်ဖြေစဉ်။ (သတင်းစဉ်)

✧ စာမျက်နှာ ၁၀ မှ

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်နေစဉ်တွင် ထိုင်းရိုးရာယဉ်ကျေးမှု ပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဂုဏ်ပြုပန်းခြင်း ပေးအပ်

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဧည့်ခံဖျော်ဖြေကြသည့် ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင်အား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အစိုးရအိမ်တော်မှ အထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုမည့် ဗန်ကောက်မြို့ရှိ Shangri-La Hotel သို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Shangri-La Hotel မှ အထွက်တွင် မြန်မာသံရုံးမိသားစုများက ဂါရဝပြု နှုတ်ဆက်ကြသည်။ ၎င်းနောက် အထူးမော်တော်ယာဉ်များဖြင့် ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယု(ဒ်)၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr.Suphot Dhirakaosal နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ကြိုဆိုကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် လေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်အခန်း၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ်ယောင်ချိုင်ယု(ဒ်)က အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယု(ဒ်)နှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်နှင့် စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်၊ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက လေယာဉ်သို့ လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံမှ ဒေသစံတော်ချိန် ညနေ၄နာရီ၁၅မိနစ်တွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းခရီးစဉ်ဖြင့်ထွက်ခွာခဲ့ကြရာ ညနေ ၄နာရီ၃၅မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်အား ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shangri-La Hotel သို့ လာရောက်ပြီး လယ်ယာကဏ္ဍ၌ ပဲပုပ်၊ ကြက်ဆူ၊ ပြောင်း စသည့် အထွက်နှုန်းကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

စက်မှုကဏ္ဍ

အလားတူ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ထိုင်းနိုင်ငံ စက်မှုဝန်ကြီး Mr. Pinij Jarucombat တို့သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ အစိုးရအိမ်တော်၌တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Pongsak Ruktapongpisal သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shangri-La Hotel သို့ လာရောက်တွေ့ဆုံပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

စွမ်းအင်ကဏ္ဍ

အလားတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းနိုင်ငံ PTTEPI ဥက္ကဋ္ဌ Mr. Maroot Mrigadat နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ခေတ္တတည်းခိုသည့် ဗန်ကောက်မြို့ရှိ Shangri-La Hotel သို့ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပိုမိုရင်းနှီးမြှုပ်နှံရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Viset Choopiban တို့သည် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံအစိုးရအိမ်တော်၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ရေအားလျှပ်စစ် ပူးပေါင်းထုတ်လုပ်ရေးကိစ္စများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ် ယောင်ချိုင်ယု(ဒ်)က အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းနိုင်ငံ PTTEPI ဥက္ကဋ္ဌ Mr. Maroot Mrigadat နှင့် အဖွဲ့ဝင်များ ဗန်ကောက်မြို့ရှိ Shangri - La Hotel တွင် စွမ်းအင်ကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးနှင့် ပိုမိုရင်းနှီးမြှုပ်နှံရေး ဆွေးနွေးစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamoto လာရောက်တွေ့ဆုံပြီး ရခိုင်ပြည်နယ် လေပြင်းတိုက်ခတ်မှုအတွက် ဂျပန်နိုင်ငံမှ ဂျပန်ယန်းငွေ ၁၀ သန်းခန့်ရှိ လူ့အသုံးအဆောင် ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ဂျပန်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamoto နှင့် အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ပေးအပ်လှူဒါန်း

ထိုသို့တွေ့ဆုံပြီး ရခိုင်ပြည်နယ် လေပြင်းတိုက်ခတ်မှုအတွက် ဂျပန်နိုင်ငံမှ ဂျပန်ယန်းငွေ ၁၀သန်းခန့်ရှိ လူ့အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

* ကျောဖုံးမှ

ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲ တွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၀နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ သဘာပတိအဖြစ် ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးပါတီမှ ဦးစံသာအောင်နှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီမှ ဦးယောအေးလှတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူးဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ အစည်းအဝေးသို့တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များမှာ ရာခိုင်နှုန်းအားဖြင့် ၈၆ဒသမ၆၇ရှိသဖြင့် အစည်းအဝေးအထမြောက် ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိဦးလော်ဆင်ကွမ်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များ အပေါ် ရွေးကောက်ပွဲ တွင် ရွေးချယ်ခံ ထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ခြောက်ဦးဖြစ်သည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်၊ ဧရာဝတီတိုင်းကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မကွေးတိုင်း မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုးနှင့် ရန်ကုန်တိုင်း တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်တို့၏ စုပေါင်းအကြံပြုချက် စာတမ်းကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းတို့က ဖတ်ကြားတင်ပြဆွေးနွေးပြီး အကြံပြုချက်စာတမ်းကို သဘာပတိထံ အပ်နှံသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၁၁နာရီ၁၄မိနစ်တွင် ရပ်နားသည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ပြည်နယ်နှင့်တိုင်းအလိုက် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်သွင်းသည့် အစည်းအဝေးကို နံနက်၉နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက် ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့ကဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ်၆၃၃ဦးအနက် ၆၁၀ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၆ဒသမ၃၇ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်းကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက် အပေါ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၏ အကြံပြုချက် စာတမ်းများကို ဖတ်ကြားရာတွင် ကယားပြည်နယ်မှ ဦးစောဟူးဟူးနှင့်ဒေါ်မေရီယန်တို့က လည်းကောင်း၊ တနင်္သာရီတိုင်းမှ ဦးအောင်လင်းလှိုင်နှင့် ဦးကင်းစိန်တို့က လည်းကောင်း ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်၍ အကြံပြုစာတမ်းများကို ဖတ်ကြားရာတွင် မကွေးတိုင်းမှ ဦးအိန်လင်းနှင့် ဦးအောင်မြင့်သိန်းတို့က လည်းကောင်း၊ မွန်ပြည်နယ်မှ ဦးကျင်ဖေနှင့်ဒေါ်မြင့်မြင့်ကြူတို့က လည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြပြီး စာတမ်းများကို သဘာပတိထံ ပေးအပ်ကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ကျန်ရှိသောပြည်နယ်နှင့် တိုင်းများ၏ စာတမ်းများကို ဇွန် ၇ ရက် နံနက်၉နာရီတွင် ဆက်လက်ဖတ်ကြား တင်ပြကြမည်ဖြစ်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီ တွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ်၉၃ဦးရှိသည့် အနက် ၉၁ဦးတို့ တက်ရောက်သည့် အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၈၅ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက်သဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်း တင်ပြချက်များ အပေါ် ပြည်နယ်နှင့် တိုင်းအလိုက် တောင်သူလယ်သမားကိုယ်စား လှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏ စာတမ်းများကို တင်သွင်းကြရာတွင် စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်တို့မှတင်သွင်းသည့်စာတမ်းကို စစ်ကိုင်းတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးချစ်သန်းကလည်းကောင်း၊ တနင်္သာရီတိုင်းမှ တင်သွင်းသည့်စာတမ်းကို တနင်္သာရီတိုင်းမှ ညီလာခံကိုယ်စားလှယ်ဦးမောင်လွင်က လည်းကောင်း၊ မကွေးတိုင်းမှ တင်သွင်းသည့်စာတမ်းကို မကွေးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးအေးကြူက လည်းကောင်း၊ မွန်ပြည်နယ်မှ တင်သွင်းသည့်စာတမ်းကို မွန်ပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးတင်ရှိန်နှင့် ဦးကျော်မြင့်တို့က လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီးအစည်းအဝေးကို နံနက်၁၁နာရီ၅မိနစ်တွင် ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ပြန်လည်ကျင်းပရာ ချင်းပြည်နယ်မှ တင်သွင်းသည့်စာတမ်းကို ချင်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ်ဦးကပ္ပတီ အယ်လ်က လည်းကောင်း၊ မန္တလေးတိုင်းမှ တင်သွင်းသည့် စာတမ်းကို မန္တလေးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးလှငွေကလည်းကောင်း၊ ဧရာဝတီတိုင်းမှတင်သွင်းသည့် စာတမ်းကို ဧရာဝတီတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးအောင်သိန်းထွန်းက လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီးသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားလိုက်သည်။



အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲတွင် အလှည့်ကျသဘာပတိ ဦးလော်ဆင်ကွမ်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၈ နာရီခွဲတွင် ဆွေးနွေးပွဲ ခန်းမ(၅)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က တင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရေးသားပြုစုကြသည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၉အနက် ၁၀၄ ဦးတက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၅ဒသမ၄၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များ အပေါ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုစာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့် နိုင်ငံခြားရေးကဏ္ဍကို ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဦးကျင်မောင်ကလည်းကောင်း၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးသန်းညွန့်ကလည်းကောင်း၊ စီးပွားရေးကဏ္ဍကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးရန်နိုင်က

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲတွင် အလှည့်ကျသဘာပတိ ဦးမြစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့်တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲတွင် အလှည့်ကျသဘာပတိ ဦးတင်မောင်ကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



အမှာစကား ပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာရိပ်သာအစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်တွဲဖက် အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီဖြင့် အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရေး၊ ညီလာခံကိုယ်စားလှယ်များ၏ စာတမ်းပြုစုခြင်း၊ ဖတ်ကြားခြင်းတို့တွင် အခက်အခဲမရှိအောင် ပံ့ပိုးဆောင်ရွက်ပေးရေး၊ ကိုယ်စားလှယ်များအတွက် သက်သာချောင်ချိရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ကိုယ်စားလှယ်များ အတွက် ဖျော်ဖြေရေးကိစ္စတွင် အထူး အစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေမှုနှင့် ကိုယ်စားလှယ်များ ဗဟုသုတ ဖြစ်စေရန် စာအုပ်စာပေအရောင်းဆိုင်နှင့်အငှားဆိုင်များ ဖွင့်လှစ်ဆောင်ရွက်ပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် စာတမ်းများရေးသားပြုစုပြီးစီးမှု အခြေအနေနှင့် ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဖတ်ကြားတင်ပြနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဘုရားဖူးသွားလိုသူကိုယ်စားလှယ်များ အတွက်စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထောက်အကူပြု အဖွဲ့ခေါင်းဆောင်များက ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် စာတမ်းပြုစုခြင်းနှင့် ဖတ်ကြားခြင်းတို့အတွက် လိုအပ်သောပံ့ပိုးမှုများ၊ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသား ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အသီးသီး အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❍ စာမျက်နှာ ၁၂ မှ

လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်ဆွေဆွေအေးက လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏အစည်းအဝေးကို နံနက်၁၁နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းပါ ကျန်ကဏ္ဍများကို ဇွန် ၇ရက် နံနက်၉နာရီတွင် ဆက်လက်ဖတ်ကြားတင်ပြရန် စီစဉ်ထားကြောင်း သိရသည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းမြင့်တို့ တက်ရောက်ကြပြီး အမျိုးသား ညီလာခံ စုံညီအစည်းအဝေးတွင် တင်သွင်းမည့်စာတမ်းပြုစုရေးသားရေး ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားများ ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်မှ မှတ်တမ်းတင် သတင်းကားများနှင့်အတူ ဒါရိုက်တာမောင်တင်ဦးရိုက်ကူးပြီး သရုပ်ဆောင်လူမင်း၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်သည့် **"တစ်ဦးတည်းသောသား"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲတွင်အလှည့်ကျသဘာပတိ ဦးအုံ့မောင်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်စဉ်။ (သတင်းစဉ်)

ညှိနှိုင်းဆွေးနွေး

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်စဉ်။

(သတင်းစဉ်)

5-6)km.P65 13 5/6/04, 1:38 AM

ရန်ကုန်မြို့တော်ရဲ့ အချက်အချာအကျဆုံး၊
Car-Parking နှင့် ...

Excel Shopping Mall

ဖွင့်လှစ်လိုက်ပါပြီ

ရန်ကုန်မြို့။ ဖုန်း - ၉၅-၁-၅၅၉၇၄၄ (၈ လိုင်း)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ၂၂-၅-၂၀၀၄ (စနေနေ့)တွင် Traders Hotel လက်မှတ်ရေးထိုးပွဲ၌ လက်ဝတ်ရတနာများ ဆင်မြန်းပေးသော မစန္ဒာနှင့် အစစအရာရာ ကူညီပေးခဲ့သော မမေ (Nose- Fashion Shop)နှင့် အမြို့မြို့ အနယ်နယ်မှ ပရိသတ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

မောင်ဇာနည်-မကြည်လဲ့လဲ့ဦး။

မင်္ဂလာဆုတောင်း

ကိုဇာနည်နှင့် မကြည်လဲ့လဲ့ဦးတို့ရဲ့ မင်္ဂလာဦးမှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့် အရာအားလုံး ပြီးပြည့်စုံသော မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်မောင်လေး

မောင်လမင်းမောင်-မပြည့်ပြည့်တင်မြင့်။

မွေးနေ့ဆုမွန်လွှာ

ဒုတိယဗိုလ် နိုင်းအောင်ကြည်

၅-၆-၂၀၀၄ရက်နေ့တွင် ကျရောက်သော သားကြီး၏(၂၁)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အောင်မြင်သော ဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ- ဦးမြတ်ကြည် (2nd Asst, Engineer M.T.M Ship Management Pte., Ltd: Singapore)

ချစ်မေမေ- ဒေါ်အေးအေးမာ(ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် အထက(၁)လမ်းမတော်၊ ရန်ကုန်)

ချစ်ညီလေး-မောင်ထက်အောင်ဝင်း၊ VI-A၊ အထက(၁)၊ လမ်းမတော်၊ ရန်ကုန်။

မြေကွက်ဝယ်လိုသည်

U-9 မြေကွက် ...

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH CLASSES	
	10:00 -12:00 a.m. 7.6.04 Mon to Wed
	1:00 - 2:30 p.m. 14.6.04 Mon to Thur
	3:00 - 4:30 p.m. 14.6.04 Mon to Thur
	6:00 - 7:30 p.m. 22.6.04 Tue to Fri

ဖုန်း 202046

ကျောင်းသားသစ်များလက်ခံပြီ။

☎ 01-535151, 09-80-34549

အချစ်များစွာအတွက် Vol-2

အမုန်းများစွာအတွက်

Dinner Flame၊ 9mm၊ ညီသူ၊ မောင်ဘုန်း

TAPE CD

ထွက်ပြီ

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Myamahe Co., Ltd. မှ အောက်ဖော်ပြပါနေရာများအတွက် ဝန်ထမ်းများ အလိုရှိသည်။

၁ Marketing Executive (male or female) **1 post.**
* Any Graduate.
* High experience in Window. MS office and typing in Myanmar.
* Age between 20 and 35 Years old.
* Experience at least 3 years.

2. Office Executive (Female) **2 posts.**
* Any Graduate.
* High experience in Window. MS office andTyping in Myanmar.
* Writing, Reading and Fluent speaking in English.
* Aged between 20 and 30.
* More Preferred the better experience in government sectors.

3. Accountant(Female) **2posts.**
* B.Com of LCCI (III)
* Good command of writing and reading English.
* Aged Between 23 above.

4. Driver. **(ကျား)၁ ဦး**
* ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၄)နှစ်ရှိရမည်
* အသက်(၃၅-၄၅)နှစ်ကြား

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်၊ ဆက်သွယ်ရန်လိပ်စာနှင့်အတူ မိမိကိုယ်တိုင် Rm.201. Second Floor. MGW Centre. Bo Aung Kyaw St. Botatoung Tsp. Yangon. သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆိုဖီယာ မဝါ

BODY FITNESS

MUSCLE & SPORTS CENTRE

2004 ခုနှစ်မှာ ...

Business Tower

INFORMATICS COMPUTER CENTRE

Diploma in Computer Studies

Enroll Now!

THAMES Management Centre

Diploma in: Business Administration Marketing & PR

Your personalised programme from a diploma to a degree locally or abroad

Classes Commencing in Jun 1st week & 2nd week

Informatics & Thames: 220/ 222 Botataung Pagoda Rd, Ph: 200343, 203188

Informatics & Thames: 3rd Floor Mandalay MICT Park, Ph: 02-89402, 89403

Informatics: 2nd Fl. Myaynigone Plaza (next to Dagon Centre) Ph: 525971, 706740

Informatics: 38(II) Shwegondine Rd (near Excel Shopping Mall) Ph: 558360



သင်္ဂြိုဟ်မေးကွက် အတွဲ(၁) ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်းစာချ ကထိက အာဂုံဆောင် ကျမ်းများ ကျမ်းပြုအရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ်ရေးသားပြုစုထားသော သင်္ဂြိုဟ်မေးကွက် အတွဲ(၁) ကျမ်းစာအုပ်များကို ကျမ်းပြုဆရာတော် ကိုယ်တိုင် စာသင်တိုက်များသို့ ဆရာကိုင်အဖြစ် လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် နယုန်လဆန်း၇ရက် (မေ၂၇ရက်)တွင် အောင်သိဒ္ဓိကျောင်း၌ ကျင်းပရာ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ပျဉ်းမနားမြို့မှ စာသင်တိုက်ဆရာတော်များကိုယ်စား တပ်ကုန်းဦးဓမ္မသာမိက လက်ခံရယူသည်။ (က-ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ်အမှတ်-၄၂၄၃၀၈ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။

ကိုထက်မောင်မောင် ဖုန်း-၂၈၃၂၆၂။

အမည်ပြောင်းခြင်း

အဖ ဦးကျော်ဆွေ၏ သမီးများဖြစ်ကြသော ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ဆဋ္ဌမတန်း (K)မှ မသက်နန္ဒီဦးအား မဆုဝင့်နိုင်၊ ဒုတိယတန်း(H)မှ မမေသက်နှင်းအား မခိုင်ဆုသျှင်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုဝင့်နိုင်၊မခိုင်ဆုသျှင်။

General English Courses သင်တန်းဆင်း

ရန်ကုန် ဇွန် ၄

PES (Practical English Speaking) U Win Maw (Research) အင်္ဂလိပ်စကားပြော သင်တန်းတွင် တက်နေသော ကလေးငယ်များ သင်တန်းဆင်းပွဲတွင် တစ်ဦးနှင့် တစ်ဦး အမှတ်တရ လက်ဆောင်ပစ္စည်းများ ဖလှယ်ပြီးပြည်သူ့ရင်ပြင်နှင့် နက္ခတ်တာရာပြခန်းသို့ လည်ပတ် ကြည့်ရှုလေ့လာကြသည်။ General English Courses သင်တန်းတွင် တက္ကသိုလ်အဆင့်နှင့်ဘွဲ့ရပြီးသူများအတွက်အခြေခံနှင့်အဆင့်မြင့် သင်တန်းများလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အမှတ် ၁၈၊ ရတနာလမ်း၊ မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၀၃၉၈၄နှင့် ၂၂၂၄၂၈တွင်သင်တန်း ဖွင့်လှစ်လျက်ရှိသည်။ (က-ပ)

English for Business (စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်စာ)

Memo, Report, Letter ... Business Knowledge နဲ့ Business Vocabulary ...

MENTOR BMC သင်တန်းစမည့်နေ့ - ၆ ဇွန် ၂၀၀၄ (တနင်္ဂနွေ)

ABE(UK) ရဲ့ CBA, DBA I, DBA II, Adv DBA (DBA) သင်တန်းများနှင့်

CIM(UK) ရဲ့ Certificate, Adv Cert; Post Grad Diploma သင်တန်းများ

MBA ...

MHR ...

MHR, 905, 9th Fl, Modern Iron Market(Condo), Lanmadaw Street, 707822

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း

" **မောင်ဝိတ်နှင့်မိသားစုကုမ္ပဏီလီမိတက်** " မှ

ပြည်ပသို့ ပို့ကုန်အများဆုံးတင်ပို့နိုင်သူအဖြစ်

ဆုချီးမြှင့်ခြင်းခံရသည့်အတွက်

အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ၊

လုပ်ငန်းများအခွန့်ရှည်တည်တံ့ကာ

ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း နှင့်

နိုင်ငံအကျိုးကိုလည်း သယ်ပိုးနိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- ရေကြည်ပွဲရုံ
- ဘောဂကြီးပွဲရုံ
- မြသစ္စာပွဲရုံ
- အုန်းရွှေဝါပွဲရုံ
- မြေလတ်ပွဲရုံ
- ခေတ်သစ်ပွဲရုံ
- စိန်ထန်းပင်ပွဲရုံ
- ရတနာစိုးပွဲရုံ
- ကိုအေး+ကိုမောင်မောင်ဖြူ ပဲရောင်းဝယ်ရေး
- Paing Family International Co., Ltd.
- စိန်မြင်းပျံပွဲရုံ
- ပြည့်စုံပွဲရုံ
- အဓိမြေပွဲရုံ
- ရွှေကံဆင့်ပွဲရုံ
- ငွေမိုးရောင်းဝယ်ရေး
- မြန်မာ့အကာယဒမိ
- ရွှေကျားမင်းပွဲရုံ
- ကျားပျံပွဲရုံ
- မျိုးသန့်ပွဲရုံ
- K.B ပွဲရုံ
- ကြံနီပွဲရုံ
- လင်းစတားပွဲရုံ
- မြတ်သစ္စာပွဲရုံ
- ကိုဝင်းရွှေ ပဲရောင်းဝယ်ရေး
- ဟန်စိန်ပွဲရုံ
- Yar Min Kyaw Co., Ltd.
- ရွှေတောင်ဦးပွဲရုံ
- ဦးကြီးကျန်ပွဲရုံ
- Progress Co., Ltd.
- ကံလင်းပွဲရုံ
- အောင်မြင့်မြတ်ပွဲရုံ
- လင်းလက်ပွဲရုံ

Happy Birthday 'Happy' (5-6-2004)

ယနေ့မှစ၍ ထူးချွန်ထက်မြက် အဘက်ဘက်မှ လိုတာမရှိ ပြည့်စေသော်။ **အချစ်ဆုံးဘွားဘွားစန်း ညိုညိုကြီး – အက်စတာ ဦးဦး – အန်တီလေး ကိုကိုပြည့်၊ ညီမငွေခဲမ**

မွေးနေ့ဆုမွန်လွှာ

ဒုတိယဗိုလ်နိုင်းအောင်ကြည် ၅–၆–၂၀၀၄တွင် ကျရောက်သော တူလေး၏ (၂၁)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဦးလေး – ဦးဝင်းစိုး(Hanseatic Shipping Co., Ltd. Cyprus)
ချစ်အန်တီ – ဒေါ်ခင်ဆွေဝင်း(သစ္စာဆီစက်)မြင်းခြံမြို့
ချစ်ညီလေး – ဖြိုးဟိန်းကျော်(ဝမ်ချိုင်း)။

ကိုအေးထွန်းအတွက်မွေးနေ့ဆုမွန်

"ကို"

၅–၆–၂၀၀၄မှာကျရောက်သော (၂၉)နှစ်မြောက် မွေးနေ့မှသည် စိတ်ကြည်နူးပျော်ရွှင်မှုတွေ အများကြီးရနိုင်ပြီး ကေးနဲ့အတူ ပျော်ရွှင်စွာ ဘဝခရီးတစ်လျှောက်လုံး လက်တွဲနိုင်ပါစေလို့ ဆန္ဒပြုရင်း. . .။

ကေး။

English Language Education
No.1, U Ba Kyaw Street, Tamwe Tsp, Yangon. ☎ 709134, 700 321

Enroll Now

Pre-School Classes
Full-time Classes (Kg to Grade 4)
Weekend Classes - Children & Young Learners
English Classes for Adults - TOEFL, IELTS, GEC

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရန်ကြော်ငြာခြင်း

၁။ ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်း၊ လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေအရ ၂၀၀၄–၂၀၀၅ခုနှစ်အတွက် ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၀၄ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အတွင်း သက်ဆိုင်ရာရုံးခွဲများသို့ တင်ပြတောင်းခံကြရန် လိုအပ်ကြောင်း နှိုးဆော်အပ်ပါသည်။

၂။ စာပိုဒ်(၁)ပါသတ်မှတ်ရက်အတွင်း လိုင်စင်အသစ်တင်ပြတောင်းခံခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ၂၀၀၄ခုနှစ် အောက်တိုဘာလ(၃၁)ရက်နေ့အတွင်း တောင်းခံလာပါက ဒဏ်ကြေး(ရက်လွန်ကြေး)အဖြစ် တစ်ရက်လျှင်(၁၀ဝိ/–)နှုန်းဖြင့်ပေးဆောင်ရမည်ဖြစ်ပါသည်။ ၂၀၀၄ခုနှစ် နိုဝင်ဘာလ(၁)ရက်နေ့နှင့်နောက်ပိုင်း လျှောက်လွှာတင်ပြလာသူများအား ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားပါမည်။

၃။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင်(၁၀၀ဝိ/–)နှုန်းဖြင့် မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် အောက်ပါရုံးခွဲများနှင့် အချိန်မီဆက်သွယ်ရယူနိုင်ပါသည်။

(က) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း — ရန်ကုန်တိုင်း/ပဲခူးတိုင်း
အမှတ်(၉၀)ကံဘဲ့လမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့(ရုံးချုပ်)
(ဖုန်း–၅၇၇၄၇၀/ ၅၇၇၄၇၁)

(ခ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း — မွန်ပြည်နယ်/တနင်္သာရီတိုင်း
ပြည်နယ်မန်နေဂျာ၊ မွန်ပြည်နယ်/တနင်္သာရီတိုင်းရုံး၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့။
(ဖုန်း–၀၅၇/၂၄၄၁၂)

(ဂ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း — ဧရာဝတီတိုင်း
တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်းရုံး
အမှတ်(၂၈)၊ ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့။
(ဖုန်း–၀၄၂/၂၄၂၅၀)

(ဃ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း — ရခိုင်ပြည်နယ်
ပြည်နယ်မန်နေဂျာ၊ အစိုးရရပ်ကွက် ကျောက်ဖြူမြို့။
(ဖုန်း–ကျောက်ဖြူ–၁၉)

(င) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း — (က၊ ခ၊ ဂ၊ ဃမှအပ)
တိုင်းမန်နေဂျာ၊ မြောက်ပိုင်းတိုင်းရုံး ဆားသိုလှောင်ဖြန့်ဖြူးရေးစခန်း အိုးဘိုရပ်၊ စစ်ကိုင်းမြို့။
(ဖုန်း–၀၇၂/၂၁၄၆၈)

၄။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၀၄ခုနှစ် ဩဂုတ်လ(၃၁)ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ်(၃)တွင် ဖော်ပြထားသည့်နေရာများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိလိုပါက အပိုဒ်(၃)တွင် ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး။

ACE Data Systems

Software Engineering Level (1)
- Computer Systems
- C Programming
- Java Programming

14th June

Managed by BizSoft

ထင်ထင်အောင်

ဖုန်း– 245366

ကံ့ထက်

ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့်

မန္တလေး – ပင်ရင်းဆိုင်
ဆိုင် (၁) ၁၆၃၊ ၂၇လမ်းကြား၊ ၈၀ X ၈၁လမ်းကြား၊ ဖုန်း – ၃၆၈၇၅
ဆိုင် (၂) ၂၂၉၊ ၈၁လမ်း၊ ၈၀X၈၁လမ်းကြား၊ မန္တလေးမြို့။

ရန်ကုန် – ဆိုင်ခွဲ
ဆိုင် (၁) ၁၀၉၊ ဘုန်းကြီးလမ်း(အလယ်)လမ်းမတော်မြို့နယ်၊ ဖုန်း – ၂၂၈၂၀၁
ဆိုင် (၂) ပ/၁၀၊ ပဒုမ္မာကွင်းအနောက်၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်။

အလှူမင်္ဂလာပွဲနေပွဲထိုင်များအတွက် အထူးအော်ဒါလက်ခံပါသည်။

(၁၃)နှစ်တိုင် အားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များကို ကံ့ထက်မိသားစုမှ အထူးကျေးဇူးတင်ပါသည်။

T.A.G Computer & English Centre
Pre School (Special Programme)
Weekend classes
Adults Computer Courses
(653),SabaiYone St,Parami YeikTha.Ph:661825

ယန္တရားစက်ပြင်ဝန်ထမ်းများ အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ B.E (Mech:)	ကျား	(၅) ဦး
၂။ A.G.T.I (Mech:)	ကျား	(၁၀) ဦး
၃။ B. Tech	ကျား	(၅) ဦး
၄။ ဖိုမင် စက်ပြင်ဆရာကြီး	ကျား	(၂) ဦး
၅။ စက်ပြင်ဆရာ	ကျား	(၁၀) ဦး
၆။ ဂဟေဆက်ကျွမ်းကျင်	ကျား	(၂) ဦး
၇။ လျှပ်စစ်ကျွမ်းကျင်	ကျား	(၂) ဦး

အမှတ်စဉ်(၁)အတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။

အမှတ်စဉ်(၂)နှင့် (၃)အတွက် အတွေ့အကြုံနည်းသော်လည်း ကြိုးစားလိုသူ၊ ပညာသင်ယူလိုစိတ်ရှိသူများ အကူဝန်ထမ်းအဖြစ် လျှောက်ထားနိုင်သည်။

ကျန်အမှတ်စဉ်အားလုံးအတွက် ဒိဗ္ဗာ၊ လိုဒါ၊ စကစ်ဒါ၊ ကရိန်း၊ စက်ပြင်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ နယ်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်၍ တောတွင်းနေရာဒေသမရွေး သွားရောက်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(သစ်ထုတ်ရေးလုပ်ငန်း အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။)

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ မကြာသေးမီက ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ မျှော်မှန်းလစာနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း စာတိုက်သေတ္တာ အမှတ်(၈၈၅)သို့ လျှောက်ထားနိုင်ပါသည်။

အများသိစေရန်ကြေညာချက်

ကျေးဇူးတင်လွှာ

၂၉–၅–၂၀၀၄ ဆီဒိုးနားဟိုတယ်တွင်ကျင်းပခဲ့သော မောင်ဇာနည်–မကြည်လဲ့လဲ့ဦးတို့ မင်္ဂလာပွဲတွင် သတို့သမီးလက်ကိုင်ပန်း၊ ပန်ပန်း၊ စတိတ်စင်ပေါ်ပန်းအိုးများနှင့် လျှောက်လမ်းပန်းအိုးများကို လင်းလင်းကိုယ်တိုင် အဓိကတာဝန်ယူအလှဆင်ရာတွင် ကူညီပေးခဲ့သော ကိုထင်အောင်အောင်ဦး(ဗန်ကောက်မြို့)နှင့် ကူမင်းမြို့မှ ပန်းများပေးပို့သော မလွင်မာသူနှင့် ကိုပြည့်စုံတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

လင်းလင်း
မိတ်ကပ်+ဆံပင် ပန်းအလှဖန်တီးရှင်
(၁၃၃)၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၇၁၀၅၆၀။

IMAGE Beauty Saloon & Body Treatment

မိုးရာသီအထူး 10% (Discount)
(1.6.04 to 30.6.04) ထိသာ

Daily Open 9:30 am to 8:00 pm

DNH Tower
272,Pyay Road, Room 001,004
Myannigone, Sanchaung Tsp, Ygn;Myanmar.
☎ : 708334
☎ : 09 99 23661

အလုပ်ခွင်ဝင်ရောက်နေသူများ အတွက်
MCC STANDARD

JOB VACANCIES

FAIR DEAL – Giving & Sharing

Top Professional Merchandisers

(Salary in Kyats) - For Local Service Only

In its further expansion , FAIR DEAL Co., Ltd., is seeking professional merchandisers, with a proven track record, working with International Brand in Myanmar. We urgently seek highly qualified personnel for the following positions:

- 1 Position - Merchandising Team Leader , (Yangon, Lower Myanmar)
- 1 Position - Merchandising Team Leader , (Mandalay,Upper Myanmar)

